# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး
# ပထမနေ့ အစည်းအဝေးမှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
## ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်
## (တနင်္လာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတတော် ပုံမှန်အစည်းအဝေးကို နံနက် ၀၈း၅၅ နာရီအချိန်၌ စတင် ကျင်းပပါသည်။

[ အခမ်းအနားမှူးအဖြစ် ဦးဝင်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၀၈း၅၅။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယစားလှယ်များ ခင်ဗျား။ အခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (က)အရ ပထမ အကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး မှာ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးဝင်းဆွေ က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (က)အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး၊ ပထမနေ့ အစီအစဉ်များကို ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

### သဘာပတိတင်မြှောက်ခြင်း

**အချိန်၊ ၀၈း၅၆။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ နဲ့၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆ တို့အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နဲ့ ဒုတိယဥက္ကဋ္ဌ တို့ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲ နိုင်ဖို့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစဦးအား သဘာပတိအဖြစ် တင်မြှောက်ရမှာဖြစ်ပါတယ်။

သဘာပတိတင်မြှောက်နိုင်ဖို့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇ အရ သဘာပတိလောင်း အမည်စာရင်း တင်သွင်းရမှာဖြစ်ပါတယ်။

သဘာပတိလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလွှာပုံစံက ကျွန်တော့်ထံမှ လက်မှတ်ရေးထိုး ထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်း တင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံ ဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။

အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက များကို ဖြည့်သွင်းပြီး ကျွန်တော့်ထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိလောင်း အမည်စာရင်း တင်သွင်းလွှာများ ထုတယူကြပါသည်။]

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံထုတ်ယူတဲ့ အရေအတွက်ဟာ (၁)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ(၁)စောင်ဖြစ်ပါတယ်။

အမျိုးသားလွှတတော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်းအမည်စာရင်း တင်သွင်းရာမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁)ဦး က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးခက်ထိန်နန် တစ်ဦးတည်းကိုသာ သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်း ထားပါတယ်။

**အချိန်၊ ၀၉း၀၄။**

ဒါကြောင့် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(စ) အရ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန အား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

## သဘာပတိနေရာယူခြင်း

**အချိန်၊ ၀၉း၀၄။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိ အဖြစ် တင်မြှောက်ခံရတဲ့ ဦးခက်ထိန်နန က သဘာပတိ တာဝန် ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူမှာ ဖြစ်ပါတယ်။ သဘာပတိ တာဝန်ထမ်းဆောင်ဖို့ စင်မြင့်ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ် အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

သဘာပတိကြီး စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါရန် ပန်ကြား အပ်ပါတယ် ခင်ဗျား။

[ သဘာပတိ ဦးခက်ထိန်နန် သည် သဘာပတိအတွက် သတ်မှတ်ထား သည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယပြီး ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေး ကို ကြီးကြပ်ကွပ်ကဲ ပါသည်။]

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု သဘာပတိကြီးက နှုတ်ခွန်းဆက်စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကား ပြောကြား ပေးနိုင်ပါရန် သဘာပတိကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၀၉း၀၆။**

**သဘာပတ ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်မှ အမျိုးသားလတ်တော်

ကိုယ်စားလှယ် ဦးခက်ထိန်နန ဖြစ်ပါတယ်။ အခုလို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ နိုင်ငံတော်နဲ့နိုင်ငံသားများအတွက် အင်မတန်မှ အရေးပါတဲ့ ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးမှာ သဘာပတိအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရတဲ့အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ရသလို လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကိုလည်း အထူးပင် ကျေးဇူးဥပကာရတင်ရှိကြောင်း လေးစားစွာ ပြောကြား လိုပါတယ်။

ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိယ်စားလှယ်များ ပေးအပ်တဲ့ သဘာပတိတာဝန်ကို လုပ်ထုံးလုပ်နည်းနဲ့အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားပါမယ်။ ကန်တော့် တာဝန်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင် မြှောက်ပြီးတဲ့အထိ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ ဆောင်ရွက်သွားကြရမယ် ကိစ္စရပ်များကို ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နဲ့ အောင်မြင်စွာ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြပါစို့လို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

## သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆ အရ သဘာပတိက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုပြီး လက်မှတ် ရေးထိုးဖို့ ဆောင်ရွက်ပါမယ်။

ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ ကတိသစ္စာပြုမယ့် သဘာပတိကသာ လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခုသဘာပတိ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

[အခမ်းအနားမှူးက အောက်ပါအတိုင်း ကတိသစ္စာကို တိုင်ပေး၍ သဘာပတိက ကတိ သစ္စာပြုပါသည်။]

**အချိန်၊ ၀၉း၀၉။**

" ကျွန်ုပ် ဦးခက်ထိန်နန သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများ ကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က) အရ လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိလက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

[သဘာပတိက ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန် ကစပြီး သဘာပတိကြီးက အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်အစည်းအဝေး အထမြောက်ကြောင်း နှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၀၉း၁၄။**

**သဘာပတိ ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကိုယစားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက် အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ (၂၂၄)ဦး ရှိပြီး အစည်းအဝေးကို(၂၂၄)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယဦးရေ စုစုပေါင်းရဲ့(၁၀၀)ရာခိုင်နှုန်းရှိပြီး ရာနှုန်းပြည့်

တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၉ နဲ့ အမျိုးသားလွှတ်တော်ဆင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၀၉း၁၅။**

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာဖြစ်ပါတယ်။

ကျွန်တော်က ကတိသစ္စာကို တိုင်ပေးတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမ အတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ လွှတ်တော်ကိုယ်စားလှယ် များက ကတိသစ္စာပြုကြပါသည်။]

**အချိန်၊ ၀၉း၁၆။**

“ ကျွန်ုပ် ______________________ သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

**သဘာပတိ ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယစားလှယ်များ ခင်ဗျား။ ယခု သဘာပတိရှေ့မှောက်မှာ လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားတဲ့ ကတိသစ္စာပြုလွှာများပေါ်မှာ မိမိရဲ့အမည်၊ မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမည်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မိမိရဲ့ အမည်၊ ရာထူးတို့ကိုရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ ယခု အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုလွှာများပေါ်မှာ လက်မှတ်ရေးထိုး နိုင်ကြပါပြီ။

**အချိန်၊ ၀၉း၁၈။**

[လွှတ်တော်ကိုယ်စားလှယ်များသည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုးကြပါသည်။]

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လက်မှတ်ရေးထိုးပြီးတဲ့ ကတိသစ္စာပြုလွှာများကိုလွှတ်တော်ရုံးဝန်ထမ်းများက အစည်းအဝေး ခေတ္တရပ်နားချိန်မှာ ဝင်ရောက်သိမ်းယူကြမှာဖြစ်တဲ့အတွက် ကတိသစ္စာပြုလွှာများကို မိမိ တို့ရဲ့ စားပွဲပေါ်မှာ ထားခဲ့ကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**အချိန်၊ ၀၉း၂၀။**

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ကြိုတင် ဖြန့်ဝေထားတဲ့ အစီအစဉ် အတိုင်း ဆက်လက် ကျင်းပသွားမှာဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နဲ့ ဒုတိယဥက္ကဋ္ဌ တစ်ဦးစီကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ အရ ရွေးကောက်တင်မြှောက်ဖို့ဖြစ်ပါတယ်။ ပထမဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတစ်ဦး ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

အမည်စာရင်းတင်သွင်းခံရသူဟာ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။

အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ အမျိုးသားလတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြပါပြီ။

[ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းကြပါသည်။]

**သဘာပတိ ။** ။ အမျုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်ဟာ(၁)စောင် ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ(၁)စောင်ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရာမှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) မှ ဦးခင်အောင်မြင့်ကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေ က အမည်စာရင်း တင်သွင်းပြီး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ က ထောက်ခံထားပါတယ်။

ဒါကြောင့် အမည်စာရင်းတင်သွငးခံရသူ တစဦးတည်းသာရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁ အရ ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့်ကို ဥက္ကဋ္ဌအဖြစ်ရေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**အချိန်၊ ၀၉း၃၂။**

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆကလက်ရွေးကောက် တင်မြှောက်ဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀ အရ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါ တယ်။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ် ရေးထိုး ထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်းတင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယပြီး ဖြစ်ရပါမယ်။

အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြနလည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ဒုတိယဥက္ကဋ္ဌလောင်း အမည် စာရင်း တင်သွင်းကြပါသည်။]

**အချိန်၊ ၁၀း၀၆။**

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလွှာပုံစံထုတ်ယူတဲ့ အရေအတွက်ဟာ(၅)စောင် ဖြစ်ပြီး ပြန်လည်တင်သွင်းတဲ့ အရေအတွက်ဟာ(၅)စောင်ဖြစ်ပါတယ်။

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သင်းရာမှာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မ ဦးဗညားအောင်မိုး ကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀) မှ ဦးမင်းမျိုးတင့်လွင်

က အမည်စာရင်းတင်သွင်းပြီး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးကျော်သိန်းက ထောက်ခံထားပါတယ်။

ဒါအပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုးကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် က အမည်စာရင်းတင်သွင်းပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူကလည်း ထောက်ခံထားပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုးကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က အမည်စာရင်း တင်သွင်းပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်ကလည်း ထောက်ခံထား ပါတယ်။

ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုး ကို ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဒေါက်တာမြတ်ဉာဏစိုး က အမည်စာရင်း တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဖုန်းမြင့်အောင် ကလည်း ထောက်ခံထားပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း က ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောမော်ထွန်း က အမည်စာရင်း တင်သွင်းပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏလင်း ကလည်း ထောက်ခံထားပါတယ်။

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူများကို အက္ခရာစဉ်အလိုက် ကြေညာပါမယ် –

(၁) မွန်ပြညနယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဗညားအောင်မိုး

(၂) ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း တို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အစည်းအဝေးကို မနစ်(၃၀) ခန့် ရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ သဘာပတိကြီး ပြန်လည်ထွက်ခွာပါတော့မယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၁၀ နာရီ မိနစ် ၄၀ မှာ အစည်းအဝေးပြန်စမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

[ အမျိုးသားလွှတ်တော်အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။ ]

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် သဘာပတိကြီး ကြွရောက်လာပါပြီခင်ဗျား။

[ သဘာပတိသည် သဘာပတိအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အချိန်၊ ၁၀း၄၀။**

**သဘာပတိ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆန္ဒမဲပေးပွဲ မစတင်မီမှာ ဆန္ဒမဲ ပေးပုံပေးနည်းကို ရှင်းလင်းတင်ပြပါ့မယ်။ ဒုတိယ ဥက္ကဋ္ဌ တင်မြှောက်ဖို့ ဆန္ဒမဲ ပေးပွဲကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ ပြုလုပ်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့ နေရာများမှာ ထုတ်ယူပြီး လျှို့ဝှက် ဆန္ဒပြုရန် နေရာများမှာ ဆန္ဒပြုနိုင်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသား အထင်အရှားပြုရမှာဖြစ်ပါတယ်။

ဆန္ဒမဲလက်မှတ်ပေါ်မှာ မှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲလက်မှတ်ကို လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်မှာ ဖျက်ဆီးပစ်၍ ဆန္ဒမဲလက်မှတ် အသစ်လဲလှယ် ပေးဖို့ တောင်းခံနိုင်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးပွဲမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ တာဝန်ပေးထားတဲ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးက ရေတွက်ပြီး ကျွန်တော့်ထံ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

အခု ဆန္ဒမဲများကို ရေတွက်မှာ ဖြစ်ပါတယ်။

[ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**အချိန်၊ ၁၀း၄၃။**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၅၀ ရွက် ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ တစ်ဦးကို ဆန္ဒပြု ရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်များကို အစည်းအဝေးခန်းမရဲ့ သတ်မှတ်ထားတဲ့ နေရာများမှာ လွှတ်တော်ရုံး ဝန်ထမ်းအဖွဲ့ထံမှ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး ရယူရမဖြစ်ပါတယ်။ လျှို့ဝှက် ဆန္ဒမဲပေးရာတွင် လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန် အစည်းအဝေးခန်းမအတွင်း သီးသန့်စီစဉ်ထားတဲ့နေရာမှာ ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပုံးအတွင်း ထည့်ရန်ဖြစ်ပါတယ်။

ဆန္ဒမဲပေးရာတွင် ရှင်းလင်းလွယ်ကူစေရန် အတွက် အတန်းလိုက် ဖိတ်ခေါ် ပေးမှာဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်များရဲ့ ထိုင်ခုံ အကန့်အလိုက် ရှေ့တည့်တည့်မှာ ရှိတဲ့ စားပွဲမှာ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုး ထုတ်ယူပြီး သတ်မှတ် ပေးထားတဲ့နေရာများမှာ ဆန္ဒပြုနိုင်ပါတယ်။

ယခု A တန်းမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမ ပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။ ]

**သဘာပတိ**။ ။ယခု B တန်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။ ]

**သဘာပတိ**။ ။ယခု C တန်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ**။ ။ယခု D တန်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည။]

**သဘာပတိ**။ ။ယခု E တန်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ**။ ။ယခု F တန်းမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**အချိန်၊ ၁၁း၀၇။**

**သဘာပတိ**။ ။ ဆန္ဒပြုရန်ကျန်တဲ့ ကိုယ်စားလှယ်များရှိပါက ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒပြုကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒပြုရန်ကျန်တဲ့ကိုယ်စားလှယ်များ မရှိတော့ပါသဖြင့် ယခု ဆန္ဒမဲများကို ရေတွက်မှာဖြစ်ပါတယ်။

[ ဆန္ဒမဲလက်မှတ်များ ရေတွက်ကြပါသည်။]

**အချိန်၊ ၁၂း၁၄။**

**သဘာပတိ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းများအား ဆန္ဒမဲပေးလို့ပြီးပါပြီ။ ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်း ရရှိတဲ့ ထောက်ခံ ဆန္ဒမဲ အများ အနည်းအလိုက် အမည်စာရင်းကို ကြေညာပါမယ်–

- ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယအမှတ်(၇)မှ ဦးမြညိမ်း ရရှိတဲ့ ထောက်ခံဆန္ဒမဲ (၁၉၁)မဲ
- မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဗညားအောင်မိုး ရရှိတဲ့ ထောက်ခံဆန္ဒမဲ (၃၂)မဲ တို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းများအနက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမြညိမ်း ထောက်ခံဆန္ဒမဲ

အများဆုံး ရရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၂း၁၆။**

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နဲ့ ဒုတိယဥက္ကဋ္ဌ တို့ကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်ပါတယ်။

ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌ နဲ့ ဒုတိယဥက္ကဋ္ဌတို့က အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ အဖြစ် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်။

**သဘာပတိ ။** ။ ယခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က လိုက်ဆိုဖို့ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

**အချိန်၊ ၁၂း၂၀။**

" အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဖြစ်သော ကျွန်ုပ် ဦးခင်အောင်မြင့် သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့

ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည် ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**သဘာပတိ ။** ။ ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ဒုတိယဥက္ကဋ္ဌက ကတိသစာပြုပါသည်။]

**အချိန်၊ ၁၂:၂၂။**

" အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ အဖြစ် ရွေးကောက် တင်မြှောက် ခံရပြီးဖြစ်သော ကျွန်ုပ် ဦးမြညိမ်း သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ် သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။"

**သဘာပတိ ။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

**သဘာပတိ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄ အရ လွှတ်တော်၏ ရှေ့မှောက်တွင် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးတဲ့ အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့အား သဘာပတိ၏ လက်ဝဲဘက်တွင် စီစဉ်ထားသည့် နေရာသို့တက်ရောက်၍ ကတိသစ္စာပြုလွှာတွင် လက်မတ်ရေးထိုးပေးပါရန် ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၂:၂၄။**

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တို့သည် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အား တာဝန်လွှဲအပ်ခြင်း

**သဘာပတိ ။** ။ ယခုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အား တာဝန်လွှဲအပ်မှာ ဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး အား တာဝန်လွှဲအပ်မည့်နေရာသို့ ကြွရောက်ပါရန် ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

[သဘာပတိသည် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပြီး ဥက္ကဋ္ဌ ဦးခင်အောင်မြင့် က အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဥက္ကဋ္ဌကြီးက နှုတ်ခွန်းဆက်စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကား ပြောကြား ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ ။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယနေ့ဟာဆိုရင် ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်လည်စတင်ကျင့်သုံးတဲ့ ပထမဆုံးနေ့ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ထူးခြားတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ လွှတ်တော်ဆိုတာ ဥပဒေပြုအာဏာကို ပြည်သူ့ထံကရရှိထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတဦးဆောင်တဲ့ အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်း၊ တရားသူကြီးချုပ် ဦးဆောင်တဲ့ တရားစီရင်ရေးအာဏာပိုင် အဖွဲ့အစည်း

စတာတွေဟာ လွှတ်တော်က ပြဋ္ဌာန်းတဲ့ အတည်ပြုတဲ့ဥပဒေတွေကို အကောင်အထည် ဖော်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အခန်းကဏ္ဍ ကြီးမားသလို လွှတ်တော် ကိုယ်စားလှယ်များရဲ့ လုပ်ငန်းတာဝန်ဟာလည်း အရေးပါပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များဟာ အချင်းချင်းဆက်ဆံတဲ့နေရာမှာ ယဉ်ယဉ် ကျေးကျေး နဲ့ ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဆက်ဆံကြဖို့လိုပါတယ်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ တွေကိုလည်း တိတိကျကျလိုက်နာကြဖို့လိုပါတယ်။ ကျွန်တော့်အနေနဲ့ပြောချင်တာကတော့ ဘယ်ပါတီကပဲ လာလာ၊ လွှတ်တော်ထဲ ကိုရောက်လာတဲ့အခါမှာ ပြည်သူ့အကျိုးစီးပွားကို ညီညီညွတ်ညွတနဲ့ ဝိုင်းဝန်း ရှာဖွေကြဖို့လိုပါတယ်။ သူဖြူရင် ငါမဲမယ် ဆိုတဲ့ စိတ်ဓာတ်မျိုး လုံးဝမထားမိကြဖို့လိုပါတယ်။

ကျွန်တော်အနေနဲ့ ၂၀၀၄ ခုနှစ်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး တာဝန် ထမ်းဆောင်စဉ်က လွတ်လပ်ရေးရပြီးကာစ မြန်မာနိုင်ငံမှာ ကျင့်သုံး ခဲ့တဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကို လေ့လာခွင့်ရခဲ့ပါတယ။ လွှတ်တော် မှတ်တမ်း တွေကိုလည်း ဖတ်ရှုခွင့်ရခဲ့ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ဓလေ့ထုံးတမ်း အစဉ်အလာ တွေကိုလည်း သိရှိသင့်သလောက် သိရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုလို ကြီးလေးတဲ့ တာဝန်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက တညီတညွတ်တည်း ပေးအပ် လိုက်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ကြီးလေးတဲ့ တာဝန်ကို ထမ်းဆောင်တဲ့နေရာမှာ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ သမာသမတ်ကျကျ ဆောင်ရွက်သွားမယ့်အကြောင်း ကတိပေးပြောကြားရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုချိန်ကစပြီးတော အမျိုးသားလွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ထမင်းစားခန်းမမှာ ထမင်း သုံးဆောင်နိုင်ပါတယ်။ နေ့လယ ၁ နာရီခွဲတိတိ မှာ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ရဲ့ အစည်းအဝေးကို ပြန်လည်စတင်မှာဖြစ်တဲ့အကြောင်း ပြောကြားရင်းနဲ့ လွှတ်တော်ကို ရွှေ့ဆိုင်းလိုက်ပါတယ်။

**အချိန်၊ ၁၂:၂၉။**

**အခမ်းအနားမှူး ။** ။ ယခုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာတဲ့အခါမှာ အစည်းအဝေးခန်းမ

အတွင်းရှိ ပုဂ္ဂိုလ်အားလုံးမတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေ့လယစာသုံးဆောင်ဖို့ ထမင်းစားခန်း ဘက်သို့ ကြွပါခင်ဗျား။ နေ့လယ ၁ နာရီခွဲမှာ အစည်းအဝေးပြန်စမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

[ အမျိုးသားလွှတ်တော် အစည်းအဝေးကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပြီး ၁၃း၃၀ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမ အကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ဆက်လက်ကျင်းပပါ့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ထိုင်နိုင် ပါပြီခင်ဗျား။

## ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပရန် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်ကို ပြောကြားခြင်းနှင့် ပထမနေ့အစည်းအဝေး ရပ်နားကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမ အကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ဒီကနေ့မွန်းလွဲ ၃ နာရခွဲအချိန်မှာ ပြည်ထောင်စုလွှတ်တော်ခန်းမမှာ ကျင်းပမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ အားလုံးတက်ရောက်ဖို့ ပြည်ထောင်စုလွှတ်တော် နာယကအနေနဲ့ ဖိတ်ကြားပါတယ်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမဟာ တံတားကဝင်ဝင်ချင်း အဆောက်အအုံရဲ့ တံတားဘက်ကကြည့်လျှင် လက်ဝဲဘက်ခြမ်းဖြစ်ပါတယ်။ ဒီကကြည့်လျှင် လက်ယာဘက်ခြမ်းဖြစ်ပါတယ်။ အဲဒီဘက်ကို နေ့လယ် ၂ နာရီခွဲကျမှ ဒီဘက် အဆောက်အဦ က ထွက်ခွာပါ။ ဒီအဆောက်အဦမှာပဲ အေးအေးဆေးဆေး ကိုယ်စားလှယ်များ နားနေလို့ ရပါတယ်။

ပြည်ထောင်စုလွှတ်တော်ခန်းမကို သွားပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နေရာယူရမယ့်နေရာမှာ နေရာယူကြဖို့ဖြစ်ပါတယ်။ အခြားသက်ဆိုင် ခြင်းမရှိတဲ့နေရာကို မသွားဖို့လိုပါတယ်။ နောက်တစ်ခုက ဒီ e-Voting Card ဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စိစစ်ရေးကတ်နဲ့ လဲထားတဲ့ကတ်ပြားတွေကို ပြည်ထောင်စု လွှတ်တော်ကိုယူသွားပါ။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးပြီးလို့ ပြန်တဲ့အချိန်ကမှ မိမိရဲ့စိစစ်ရေးကတ်ပြားနဲ့ ဒီ Electronic မဲပေးတဲ့ကတ်ပြား ပြန်လဲဖို့ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို တက်ရောက်နိုင်ဖို့ အတွက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး ။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမနေ့ အစည်းအဝေးကို ၁၃း၃၅ နာရီအချိန် တွင်ရပ်နားပါသည်။]